# သူဝေး

စုန်းသောက်ဝိုင်

# နိဒါန်း

တစ်ခါက တက္ကသိုလ်တစ်ခုမှာ အ ဖြစ်အပျက်လေးတစ်ခု ဖြစ်ပွားခဲ့ပါသည်။ မည် သူမျှ ထင်မထားသည့် အချိုး အလှည့်ပေးပေါ့။

အဲသည်နေ့ကို အနည်းငယ် ခင်းကျင်းပြရလျှင် ......

"ဒီနေ့ ... နောက်ဆုံးနေ့နော်"

"အင်း ....."

ကျောင်းသူနှစ် ယောက် ထိုသို့ ပြောရင်း ကျောင်းဝင်းအလယ်သို့ သုတ်သုတ်လျှောက် သွားကြသည်။

ကန်တင်းတစ်ခုမှာ ထိုင်နေသည့် ကျောင်းသား တစ်ယောက် ကလည်း နာရီကို ပင့်ကြည့် ရင်း ......

"အချိန်နီးနေပြီ ..... သွားကြစို့"

သူ့အဖော်တွေ ကလည်း .....

"အေး ..... သွားကြမယ်ကွာ"

ထိုကျောင်းသားတစ်သိုက်ကလည်း ကျောင်းဝင်းအလယ်သို့ ဦးတည်လျှောက်သွားကြ ပြန်သည်။

ကျောင်းဆောင်အပေါ်ထပ် ဝရန်တာတွင် လည်း ကျောင်းသူ၊ ကျောင်းသားတစ်ဖွဲ့၊ ခပ် လှမ်းလှမ်းမှ မြင်နေရသော မိုးမခအပင်ကြီးဆီသို့ လှမ်းငေးရင်း ....

"ဒီနေ့ နောက်ဆုံးနေ့ပေါ့"

"သူတို့ ကျိန်စာကလွတ်ပြီလို့ ဆိုရမှာ ပေါ့နော် ။ ဝမ်းသာစရာပဲ"

"အေး .... သူတို့ အမြဲကံကောင်းပါစေ"

.......................................................

.......................................................

.......................................................

ဘာတွေ လဲ ။

ဘာအကြောင်းအရာကို ဦးတည်ပြီး ပြောနေကြတာလဲ။

သေချာတာ ကတော့ အဲသည်နေ့က တစ်ကျောင်းလုံးမှ ကျောင်းသား ကျောင်းသူတွေ သည် ကျောင်းဝင်းအလယ်က မိုးမခအပင်ကြီးဆီ စိတ်ဝင်တစား လှမ်းကြည့်နေကြခြင်းပင် ဖြစ်တော့သည်။

# (၁)

(က) နေ့လည်အတန်းချိန်ပြီးသွား၍ ကျောင်းသားကျောင်းသူများ ထမင်းစားရန် ပြင်ကြလေ သည်။ တချို့ တွေ က အိမ်ပြန်စားကြရန်၊ ဆိုင်သွားစားကြရန်အတွက် အတန်းအပြင်ထွက်သွား ကြပြီး ထမင်းချိုင့်ပါသူများ ကတော့ အခန်းအနောက်က ထမင်းချို င့်များ ထားသည့် စင်တစ်ခု ဆီသို့ သွားကြရသည်။

ထမင်းချိုင့်တွေ တိုးဝှေ့ယူကြသည်။ ထိုအခိုက် ကျောင်းသူလေး တစ်ယောက် ၏ ထ မင်းချိုင့်သည် တစ်စုံတစ်ခုနှစ် တိုက်မိပြီး လွတ်ကျသွားသည်။ ခလွမ်း .... ခွမ်း ... ဂွမ်း .. မြည် သံများ နှင့် ချိုင့်ကလေးမှာ အဆင့်များ ပြုတ်ကျသွားပြီး သမံတလင်းတွင် ကစဥ့်ကလျား ကျဲ၍ ကျသွားတော့သည်။

အသံဆူညံသွား၍ အားလုံးလှမ်းကြည့်သော အခါမှာ တော့ ..........

“ဟာ ....”

“ဟင် ..”

“အို ...”

အာမေဋိတ်အသံများ နှင့်အတူ အမှုအရာတွေ လည်း စူးစူးခါးခါး ဖြစ်ကုန်တော့သည်။

ချောက်ခြားခြင်းနှင့် မသတီမှု တွေ ....။

ပြုတ်ကျသွားသော ချိုင့်ထဲမှ ထွက်ကျလာသည့် အရာတွေ က .... အသားစိမ်းတွေ ၊ သွေးရည်စက်လက်နှင့် အသားစိမ်းများ ....။

*

(ခ) ဆရာမ က ဘူဗွာခေတ်အကြောင်းကို သေချာရှင်းပြနေသည်။ ကျောင်းသား၊ ကျောင်း သူများ က နားထောင်ကြ၊ ဘောလ်ပင်တစ်ထောင်ထောင်နှင့် လိုက်မှတ်ကြသည်။

ဆရာမ က အသံငြိမ်ငြိမ်နှင့် ရှင်းပြရင်းပင် မျက်လုံးက တစ်ခန်းလုံးကို အကဲခတ်လိုက် ကြည့်နေသေးသည်။ ထိုသို့ လိုက်ကြည့်နေရင်း တစ်နေရာမှာ တော့ ဆရာမ မျက်လုံးက "တုံ့" ခနဲ ရပ်တန့်သွားသည်။ မျက်နှာ အမူအယာမှာ လည်း ခပ်ပျက်ပျက် ဖြစ်သွားသည်။ အလိုမကျ သည့် အရာတစ်ခုကို တွေ့သွားပုံပေါ်သည်။ ထို့နောက် ခြေလှမ်းများ က တစ်နေရာသို့ ရွေ့ သွားတော့သည်။ ကျောင်းသားကျောင်းသူများ ကလည်း ဆရာမ သွားသည့် နေရာကို လိုက် ကြည့်ကြသည်။

ဆရာမ က အခန်းအလယ်မှ စာသင်ခုံလေးဆီ သွားခြင်း ဖြစ်သည်။ ထိုခုံတွင် ထိုင်နေ သော ကျောင်းသူလေးမှာ သူ့နံဘေးသို့ ဆရာမ ရောက်နေမှန်းမသိဘဲ ခုံအောက်က စာအုပ် တစ်အုပ်ကိုသာ ကွယ်ကွယ်ဝှက်ဝှက် ဖတ်နေရှာသည်။ ကွယ်ဝှက်၍ ဖတ်နေရသော ထိုစာ အုပ်မှာ ကျောင်းစာအုပ်မဟုတ်တာတော့ သေချာပြီ။ ဒါဆို ဘာစာအုပ်လဲ ...။

"သမီး ... ဘာစာအုပ်ဖတ်နေတာလဲ"

ရုတ်တရက် အနီးကပ် ထွက်လာသော အသံကြောင့် ကျောင်းသူလေး တုန်သွားသည်။ ဆရာမ ၏ အသံမှာ ယဉ်ကျေးသော် လည်း တင်းမာနေသည်။

"ရှင် .."

ကမန်းကတန်းထူးရင်း မော့ကြည့်တော့ ကျောင်းသူလေး လန့်သွားသည်။ စာအုပ်ကို လွယ်အိတ်အတွင်း းသို့ ထိုးထည့်ကာဝှက်ရန်အလုပ်မှာ စာအုပ်မှာ သံမံတလင်းပေါ် ပြုတ်ကျ သွားသည်။

တစ်တန်းလုံးရှိ ကျောင်းသားကျောင်းသူများ က ထိုစာအုပ်ကို ဝိုင်းကြည့်လိုက်တော့ ....

"ကဝေသာရကျမ်း"တဲ့ ။

"ဟင် ... သူ ... သူ"

"သူ ...သူ"

ကျောင်းသူလေးကို တစ်ခန်းလုံးက ကြောက်ရွံ့ထိတ်လန့်စွာ လက်ညှိုး တွေ ထစ်ထစ် ငေါ့ငေါ့ ထိုးကုန်ကြ ......။

*